Max Myanmar Group

# Newsletter

March 2020 Edition



# Contents


Cover Story ၄၊ ၅၊ ၆

တစ်လတာ မက်စ်မြန်မာ သတင်းဖွယ်ဖွယ်ရာရာ ၃၊ ၁၁၊ ၁၂၊ ၁၈၊ ၁၉

Football News ၈

Article ~ ဝါသနာပါတဲ့…အလုပ် ~ ဉာဏ်တိုး (Group HR) ၉၊ ၁၀

ဓာတ်ပုံသတင်းစာမျက်နှာ ၇၊ ၁၃

Article ~ ဆယ်စုနှစ်ကာလ အလွန်မှသည် ~ သံဗျင်ဦး ၁၅၊ ၁၆၊ ၁၇

အခြားသတင်းများ ၁၄

Interview ~ ကမ္ဘာ့အိုလံပစ်ကြေးတံဆိပ်ဆုရ စားဖိုမှူးများနှင့်တွေ့ဆုံခြင်း ၂၀၊ ၂၁၊ ၂၂၊ ၂၃

CSR Activites ၂၄

Health Care ၂၅






# French Business Confederationမှ ကိုယ်စားလှယ်၏ကုမ္ပဏီများနှင့် မက်စ်မြန်မာ တွေ့ဆုံ

မက်စ်မြန်မာအုပ်စုCEOဒေါက်တာသောင်းဟန်နှင့်အဖွဲ့ဝင်များသည် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ(၄)ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr Christian Lechervy ဦးဆောင်သော French Business Confederation မှ ကိုယ်စားလှယ်ကုမ္ပဏီများနှင့် နိုဗိုတယ်ဟိုတယ်၌ တွေ့ဆုံကာ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

## STRESS Management သင်တန်းကျင်းပ



ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်နှင့် ပြင်ပလူနေထိုင်မှုဘဝတွင်တွေ့ကြုံရနိုင်သည့် စိတ်ဖိစီးမှုများကိုလျော့နည်းစေရန် ရည်ရွယ်၍ STRESS Management သင်တန်းကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် Max Logistics အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဌာနအသီးသီးမှဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး Max Myanmar Group HRဌာနမှတာဝန်ရှိသူများမှ ပို့ချပေးခဲ့သည်။

## ရွှေရောင်ပြရာဘာခြံ ထမနဲထိုးပွဲကျင်းပ

၈.၂.၂၀၂၀(စနေနေ့)တွင် ကျရောက်မည့် တပို့တွဲလပြည့်နေ့ (ဩဝါဒပါတိမောက် အခါတော်နေ့)တွင် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား အရုဏ်ထမနဲဆွမ်း (ရာဟုဆွမ်း)ဆက်ကပ် လှူဒါန်းနိုင်ရန် ရွှေရောင်ပြရာဘာခြံ မိသားစုများ၏ စုပေါင်းအလှူတော် ထမနဲထိုးပွဲကို (၇.၂.၂၀၂၀)ရက်နေ့တွင် ဖြူစင်မေတ္တာ ဓမ္မာရုံရှေ့၌ စုပေါင်းထမနဲထိုးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။



> "Myanmar culture based decorations, beautiful infinity swimming pool, spacious and peaceful hotel compound and Superb Breakfast with a mix of Myanmar, Asian and European food"

လာရောက်တည်းခိုခဲ့တဲ့ ဧည့်သည်တစ်ဦးက နာမည်ကျော် TripAdvisor Website ပေါ်မှာ အခုလိုပဲ မှတ်ချက်ပြုခဲ့ပါတယ်။ စိမ်းစိုကျယ်ဝန်းလှတဲ့ ပတ်ဝန်းကျင်နဲ့အတူ အေးချမ်း သာယာတဲ့ ကန်ရေပြင်ကြီးတစ်ခုရဲ့ဘေးမှာ မြန်မာ့ယဉ်ကျေးမှု အနုသုခမလက်ရာ အမြောက်အမြားနဲ့ ခန့်ထည်စွာတည်ဆောက်ထားတဲ့ The Lake Garden Nay Pyi Taw - MGallery by Sofitel ရဲ့အချီးကျူးခံရဆုံး ဂုဏ်သတင်းတွေထဲက တစ်ခုပဲဖြစ်ပါတယ်။

The Lake Garden Nay Pyi Taw - MGallery by Sofitel ဟာ အစိုးရရုံးဌာနကြီးများ အခြေစိုက်ရာ နေပြည်တော်ရဲ့ နိုင်ငံတော်ဧည့်ဂေဟာ ဟိုတယ်ကြီးများထဲကမှ တစ်ခုပဲဖြစ်ပါတယ်။ သဘာဝ ပတ်ဝန်းကျင်ရဲ့အေးချမ်းသာယာမှုကို အများဆုံး ထိတွေ့ခံစားနိုင်စေဖို့ ဦးစားပေးပြီး စွဲမက်ဖွယ်ရာ တည်ဆောက်ထားတဲ့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထူးအလေးထား

## နေပြည်တော်နိံနက်ခြင်းရဲ့ အကောင်းမွန်ဆုံးရွေးချယ်မှု




ဆောင်ရွက်လျက်ရှိတဲ့ ဟိုတယ်တစ်ခုလည်း ဖြစ်ပါတယ်။ လာရောက်တည်းခိုတဲ့မိတ်ဆွေတွေဟာ ဟိုတယ်ရဲ့ စုံလင်ကောင်းမွန်လှတဲ့ နံနက်ခင်း Breakfast နဲ့ ပတ်သက်ပြီး အမြဲလိုလို တခုတ်တရ ချီးကျူးလေ့ရှိကြပါတယ်။

နောက်ထပ် ဧည့်သည်တစ်ဦးကလည်း အခုလိုဆိုပါတယ်။ *"Breakfast is excellent with great variety and special soup counters from time to time so you never get bored. The staff are extremely welcoming, pro-active and helpful. The rooms are great. The hotel has a pool and a gym and the premises are very walkable."*

မရိုးနိုင်အောင် ပြင်ဆင်တည်ခင်းပေးထားတဲ့ မြန်မာ့ရိုးရာအစားအစာ၊ International Foods အမျိုးအမယ်စုံလင်စွာနဲ့ အတူ ကျန်းမာရေးနဲ့ ညီညွတ်စွာ စားသုံး လိုသူတွေအတွက်လည်း Detox Water, Energy Drink, Fresh Juice နဲ့ Salad Bar, Bakery, Pastry Station, Cool Cut Station, Live Cooking Station စသဖြင့် စုံလင်စွာ ခင်းကျင်းပေးထားတာမို့ လာရောက်တည်းခိုခဲ့တဲ့ ဧည့်သည်များကို အခုလို စိတ်ကျေနပ်မှု အပြည့်ပေးစွမ်းနိုင်လျက်ရှိတာပဲဖြစ်ပါတယ်။

ဒါ့အပြင် ကော်ဖီချစ်သူတွေအတွက် များပြားလှတဲ့ ကော်ဖီအမျိုးအမယ် စုံစုံလင်လင်ကို သုံးဆောင်နိုင်မှာဖြစ်သလို လက်ဖက်ရည်ကိုမှ နှစ်ခြိုက်တယ်ဆိုသူများအတွက် မြန်မာ့ရိုးရာ လက်ဖက်ရည်ကို စီစဉ်ပေးထားပါသေးတယ်။

*"Coming on a business trip, I really enjoyed my stay at the MGallery and will particularly remember the quality of the food. In addition to a large choice at breakfast, I had the opportunity to taste typical Burmese dishes,*



**adrien_b1984** wrote a review Feb 2020
Yangon (Rangoon), Myanmar • 87 contributions • 25 helpful votes

**Wonderful stay and atmosphere. Perfect for business or to relax!**

"What a wonderful stay at The Lake Garden. The wooden and traditional design, the fascinating atmosphere, the high kindness and professionalism of the staff, the comfort and cleanliness of the rooms all were at their best. I especially enjoyed the design in harmony with Myanmar beauty and the performance of the rooms for business travellers: fast wifi, equipment to iron shirts and brush shoes, nice desk.
My only regret was finally to stay one night only."

Read less

**Date of stay:** February 2020

**Trip type:** Traveled on business

Value

Service

Location





*homemade and of incredible quality. I strongly recommend that you taste their Shan noodles for breakfast!"*

အလုပ်ကိစ္စနဲ့ ဟိုတယ်မှာ လာရောက်တည်းခိုခဲ့သူတစ်ဦးကလည်း အခုလို The Lake Garden Nay Pyi Taw - MGallery by Sofitel ရဲ့ Breakfastကို တခုတ်တရ ချီးကျူးခဲ့ပါတယ်။

ဧည့်သည်တွေအတွက် နောက်ထပ်စွဲဆောင်မှုတစ်ခုကတော့ Garden View Breakfast Table တွေနဲ့ ဝန်ထမ်းတွေရဲ့ နွေးထွေးပြူငှာမှုတွေပဲဖြစ်ပါတယ်။ သန့်ရှင်းတဲ့လေကို ရှူရိုက်ရင်း ဟိုတယ်ပရဝဏ်အတွင်းက စိမ်းလန်းစိုပြေမှုတွေကို အပြည့်အဝ ခံစားကာ မိမိတို့ရဲ့ တစ်နေ့တာကို အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်များနဲ့အတူ စတင်နိုင်မှာဖြစ်ပါတယ်။ TripAdvisor ရဲ့ Review တွေကို ဖတ်ကြည့်မယ်ဆိုရင် ဟိုတယ်ဝန်ထမ်းတွေရဲ့ နွေးထွေးပြူငှာမှု အပေါ် ချီးကျူးသံတွေကို အများအပြား မြင်တွေ့နိုင်မှာပါ။

ဒီလို Five Star အဆင့် ဟိုတယ်ကြီးတစ်ခုရဲ့ ကောင်းမွန်ပြည့်စုံလှတဲ့ နံနက်ခင်းBreakfastကို ပြင်ပမှ လာရောက်စားသုံးသူတွေအတွက်လည်း အထူးနှုန်းတွေ သတ်မှတ်ပေးထားပြန်ပါတယ်။ စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ တစ်ဦးကို (၁၀)ဒေါ်လာသာ ကျသင့်စေမှာဖြစ်ပြီး ကျန်တဲ့ ရက်တွေမှာတော့ (၁၄)ဒေါ်လာသတ်မှတ်ထား ပါတယ်။ ကလေးငယ်တွေအတွက် တစ်ဝက်နှုန်းထားသာ ကျသင့်မှာလည်းဖြစ်ပါတယ်။








# သန်လျင်–သီလဝါ စက်မှုဇုန်လမ်းသစ်ကြီး အောင်မြင်စွာဖွင့်လှစ်



JICAချေးငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သော ဇဒဿမဂုက်လိုမီတာ အရှည်ရှိ သန်လျင်–သီလဝါ စက်မှုဇုန်လမ်းသစ်ကြီးကို ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက်နေ့ နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ သန်လျင်–သီလဝါစက်မှုဇုန်လမ်းသစ်ကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို Main Contractor - Tekken Coporation နှင့် Consultant-Nippon Koei တို့၏ ကြီးကြပ်မှုဖြင့် Max Myanmar Construction မှ နိုင်ငံတကာစံနှုန်းများ ပြည့်မီစွာ တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။





# မြန်မာကစားသမားများ ဂျပန်တွင် ကစားနိုင်မည့် အခွင့်အလမ်းအတွက် MFF ဥက္ကဋ္ဌနှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး


မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်MFFဥက္ကဋ္ဌဦးဇော်ဇော်သည် ဖေဖော်ဝါရီလ (၅)ရက်နေ့ မနက်ပိုင်းက ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ် JFA ဥက္ကဋ္ဌကာဇိုတာရှီးမား၊ JFAဥက္ကဋ္ဌဟောင်းကာဝါဘူချီတို့နှင့် ဂျပန်နိုင်ငံတွင်တွေ့ဆုံ၍ မြန်မာနှင့်ဂျပန်နှစ်နိုင်ငံဘောလုံးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုများအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်အနေဖြင့် အလားအလာရှိသည့် ကစားသမားများကို ဂျပန်၏အဆင့်မြင့်ပရော်ဖက်ရှင်နယ်ကလပ်အသင်းများတွင် ထည့်သွင်းကစားနိုင်မည့်အခွင့်အလမ်းတစ်ရပ် ဖန်တီးပေးနိုင်ရေးအတွက်ဆွေးနွေးခဲ့ရာ ဂျပန်ကလပ်အသင်းများနှင့် ညှိနှိုင်း၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း JFAဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆန်ခါတင်ရွေးချယ်ထားသည့် မြန်မာလူငယ်ကစားသမား စုစုပေါင်း(၂၅)ဦးကိုလည်း ယခုနှစ် ဧပြီလကုန်ပိုင်းနှင့် မေလပထမအပတ်အတွင်း ဂျပန်နိုင်ငံတွင် သွားရောက်လေ့ကျင့်မှုများပြုလုပ်ရန် အစီအစဉ်များ ရေးဆွဲခဲ့ကြသည်။

## News In Brief

- ကိုရိုနာဗိုင်းရပ်စ် အီတလီနိုင်ငံသို့ ပြန့်ပွားရောက်ရှိခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၂၃ရက်၌ ကစားခဲ့သည့်စီးရီးအေပွဲစဉ်၄ပွဲကို ရွှေ့ဆိုင်းခဲ့ရသော်လည်း လာမည့်ပွဲစဉ်များကိုရွှေ့ဆိုင်းခြင်းမပြုဘဲ ကွင်းပိတ်ကစားသွားမည်ဖြစ်သည်။

- AIA Myanmarမှ ကျင်းပသော ဒုတိယအကြိမ်မြောက် AIA GOAL!အခမဲ့ ဘောလုံးသင်တန်းသို့ ကလေးငယ်(၂၄၀)ဦး တက်ရောက်ခဲ့ကာ စပါးအသင်းမှနည်းပြ (၃)ဦးက သင်ကြားပြသပေးခဲ့သည်။



# ဝါသနာပါသော...အလုပ်

**ညာဏ်တိုး** (Group HR)

ကမ္ဘာ့ အပျော်ရွှင်ဆုံးနိုင်ငံများ စာရင်းWorld Happiness Reportကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။ World Happiness Report 2019စစ်တမ်းများအရ အဆင့်(၁)ရရှိသောနိုင်ငံက ‘ဖင်လန်’နိုင်ငံ ဖြစ်သည်။ နိုင်ငံအလိုက် ပျော်ရွှင်မှုစံနှုန်းကို တိုင်းတာတဲ့အခါမှာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ ပျမ်းမျှဝင်ငွေ(Real GDP per capita)၊ ကျန်းမာစွာ သက်တမ်းရှည်ကြာမှု(Healthy Life expentancy)၊ ဘဝတွင် လွတ်လပ်စွာ ရွေးချယ်ခွင့်(Freedom to make life choice)၊ ခလေ့ထုံးစံမှ သွေဖည်ခြင်းအမြင်(Perception of Corruption)နှင့် စွန့်ကြဲပေးကမ်းခြင်း (Generocity)စသည်တို့ကို အဓိကထား တိုင်းတာသည်ကို တွေ့ရပါသည်။

ပျော်ရွှင်ခြင်းသည် စီးပွားရေး တိုးတက်ခြင်း(တစ်နည်းအားဖြင့်) ကြွယ်ဝ ချမ်းသာခြင်းတို့အပေါ်တွင် မှီတည်နေမည် ဆိုပါက ကမ္ဘာ့အချမ်းသာဆုံး/စီးပွားရေး အင်အားအတောင့်တင်းဆုံးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည် အဆင့်(၁)ဖြစ်သင့် သော်လည်း စစ်တမ်းများအရ အဆင့်(၁၉) အဖြစ်နှင့်သာ ရပ်တည်ခဲ့ရသည်။ [စကားချပ်- မြန်မာနိုင်ငံသည် အဆင့် (၁၃၁)ဖြစ်သည်]

ထို့ကြောင့် စီးပွားရေးတိုးတက်ခြင်း၊ ကြွယ်ဝချမ်းသာခြင်းသည် ပျော်ရွှင်မှုကို မပေးစွမ်းနိုင်ဟူသည့်ကောက်ချက် ဆွဲရပါမည်။ ပျော်ရွှင်ခြင်းသည် စည်းစိမ်ပကာသနပေါ်တွင်

အခြေခံခြင်းမဟုတ်ဘဲ 'စိတ်ခံစားချက်နှင့် ခံယူချက်'အပေါ်တွင်သာ မူတည်၍ ဖြစ်ပေါ်ခြင်းဖြစ်သည်။

ထိုသို့ဆိုလျှင် ဖင်လန်နိုင်ငံသည် အဘယ်ကဲ့သို့ ကမ္ဘာ့အပျော်ဆုံးနိုင်ငံ ဖြစ်လာရသနည်း။

သုတေသနပြုချက်အရ ဖင်လန်နိုင်ငံသားတို့သည် 'ဝါသနာပါသည့်အလုပ်ကို လုပ်ကိုင်ကြခြင်း'ဟု အဓိကအကျဆုံး အချက်ကို တွေ့ရပါသည်။

မှန်၏။ လူတိုင်းလူတိုင်းတွင် ဝါသနာကိုယ်စီရှိကြသည်။ မိမိ၏ဝါသနာပါသည့် အလုပ်ကို လုပ်ရမည်ဆိုပါက ပင်ပန်းစွာ လုပ်ရသော်လည်း ပင်ပန်းသည်ဟုမမြင်။ ငွေရေးကြေးရေးကြောင့် အလုပ်လုပ်ရသည်ဟု မမြင်ဘဲ ပျော်ရွှင်စွာ (သို့) တက်ကြွစွာ အလုပ်လုပ်နေကြသည်ကိုတွေ့ရသည်။



အဖွဲ့အစည်းတစ်ခုအောင်မြင်ခြင်းတွင် ထိုအဖွဲ့အစည်း၏ဝန်ထမ်းများ၏ တက်ကြွပျော်ရွှင်စွာအလုပ်လုပ်ခြင်းသည် အဓိက အကျဆုံးမောင်းနှင်အားဖြစ်သည်။

သို့သော် အဖွဲ့အစည်းများရှိ ဝန်ထမ်းအများစုသည် မိမိ ဘာကိုဝါသနာပါမှန်းမသိ၊ စားဝတ်နေရေးတွင် ရုန်းကန်လှုပ်ရှားရင်း မိမိကိုယ်မိမိဆန်းစစ်ရန် မေ့လျော့နေကြသည်။ တစ်နည်းအားဖြင့် Comfort Zoneထဲတွင် ကျေနပ်နေကြသည်။ နံနက်ရုံးတက်ပြီးနောက် နာရီကိုတကြည့်ကြည့်ဖြင့် ညနေရုံးဆင်းချိန်ကို တမ်းတနေကြသည်။ သောကြာနေ့ရောက်လျှင် TGIFစာလုံးကို စွဲကိုင်လျက် မြန်မြန် ရုံးပိတ်စေချင်ကြသည်။

တစ်ဦးတစ်ယောက်ချင်းစီ၏ Performance and Productivity ဘယ်မှာ တိုးတက်လာအံ့နည်း။

ဝါသနာမပါတာတောင်မှ အနည်းဆုံးတော့ မိမိစိတ်ဝင်စားမှုရှိသော အလုပ်၊ စိတ်ဝင်စားမှုရှိသောဘာသာရပ်နှင့် ဆက်စပ်သောအလုပ်တော့ဖြစ်သင့်သည်။

ထို့ကြောင့် ဝါသနာပါသောအလုပ်ကို လုပ်ပါ။

(သို့မဟုတ်)

လုပ်ရသောအလုပ်ကို ဝါသနာပါအောင် ကြိုးစားပါ/စိတ်ဝင်တစားလုပ်ပါဟု အကြံပေးလိုက်ပါသည်။

ဉာဏ်တိုး (Group HR)

(၂၇-၂-၂၀၂၀)



# ရန်ကုန်–ပြည်–မကွေးလမ်းမကြီး မိုင်တိုင် ၉၉/၅ နှင့် ၉၉/၆ ကြားရှိ ကိုင်းပြင်ကြီး တံတားသစ် ဖွင့်လှစ်အသုံးပြုနိုင်ပြီ

လမ်းအသုံးပြုသူခရီးသွားပြည်သူများသွားလာရေး ပိုမိုလွယ်ကူစေရန်နှင့် အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်စေရန်အတွက် ရန်ကုန်–ပြည်–မကွေးလမ်းမကြီး မိုင်တိုင် ၉၉/၅ နှင့် ၉၉/၆ ကြားရှိ ကိုင်းပြင်ကြီးတံတားဟောင်းနှင့် အပြိုင် တံတားသစ်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့တွင် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ အသုံးပြုနိုင်ပြီဖြစ်ပါသည်။ မူလ (၁၈)ပေအကျယ်၊ ပေ(၁၀၀) အရှည်ရှိသော ကိုင်းပြင်ကြီးတံတား၏ဘေးတွင် လမ်းအသုံးပြုသူများ ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာစေနိုင်ရန်အတွက် အကျယ်ပေ(၃၀)၊ ယာဉ်သွားလမ်း (၂၄)ပေအကျယ်ရှိသော သံကူကွန်ကရစ်ကိုယ်ထည်၊ သံပေါင်ယက်မ တံတားသစ်ကို Max Highway မှ ငွေကျပ်သန်းပေါင်း(၄၅၀)သုံးစွဲ၍တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## Motivationခေါင်းစဉ်ဖြင့် Soft Skillသင်တန်းကျင်းပ

Max Myanmar Construction Co., Ltd. မှဝန်ထမ်းများအား “Motivation” ခေါင်းစဉ်ဖြင့် Soft Skill Training Bath -2 ကို (၁၉.၂.၂၀၂၀)ရက်နေ့တွင် Max Myanmar Construction Co., Ltd. ၏ သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ စုစုပေါင်း( ၁၄)ဦး တက်ရောက်ခဲ့ပါသည်။



## ဟိုတယ်မက်စ်နေပြည်တော် မီးဘေးသရုပ်ပြလေ့ကျင့်ခဲ့

ဟိုတယ်မက်စ် နေပြည်တော်နှင့် ဒက္ခိဏာသီရိ မီးသတ်တပ်ဖွဲ့တို့အတူ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေး သရုပ်ပြလှုပ်ရှားမှုများကို ဖေဖော်ဝါရီ ၂၂ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်မက်စ် နေပြည်တော်၏မြက်ခင်းပြင်တွင် တက်ကြွစွာ ပူးပေါင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ပါသည်။

# စက်သုံးဆီ အရည်အသွေးနှင့်အခြင်အတွယ်အား MPPEမှ ရှောင်တခင်စစ်ဆေး

စက်သုံးဆီအရည်အသွေးနှင့်အခြင်အတွယ်ကို အစဉ်အလေးထား ရောင်းချပေးနေသော Max Energy၏ သာကေတ၊ သုဝဏ္ဏ၊ တောင်ဥက္ကလာ၊ တာမွေ၊ ဗဟန်းနှင့်သိမ်ဖြူစက်သုံးဆီဆိုင်များသို့ ၁၉-၂-၂၀၂၀ရက်တွင် MPPEကရှောင်တခင်စစ်ဆေးခဲ့ရာ အရည်အသွေးပြည့်မီ၍အခြင်အတွယ်မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။ ဆက်လက်၍လည်း Max Energy Co.,Ltdမှ ကောင်းမွန်သောအရည်အသွေး၊ ပြည့်ဝသောအခြင်အတွယ်တို့ဖြင့် စက်သုံးဆီဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်သည်။







ရန်ကုန်-ပြည်လမ်းမကြီးမှတစ်ဆင့် ခရီးသွားနေကြသော မိတ်ဆွေတို့အတွက်သတင်းကောင်းလေးပြောပါရစေ။ Max Energy၏ရန်ကုန်မြို့ရှိ မှော်ဘီအမှတ်(၁)ဆိုင်တွင် STAR COFFEEဆိုင် ဖွင့်လှစ်ထားပါတယ်ခင်ဗျာ။ မိတ်ဆွေများ ရန်ကုန်ကအထွက် ဆီလည်းဖြည့်ရင်း၊ အိပ်ငိုက်ပြေ ကော်ဖီလည်းသောက်ရင်း သာယာသောခရီးစဉ်များကို ဖန်တီးနိုင်ကြပါစေခင်ဗျာ။

မှော်ဘီ(၁)၊ မြို့မ(၁)ရပ်ကွက်၊ ရန်ကုန်-ပြည်ကားလမ်း၊ မှော်ဘီမြို့နယ်။





# တူစုံဆင်နွှဲ ရိုးရာထမနဲပွဲ

မက်စ် မြန်မာမိသားစု၏ နှစ်စဉ်ကျင်းပမြဲ စုပေါင်းထမနဲ ထိုးပွဲကို ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ကုမ္ပဏီခွဲအသီးသီးမှ ဝန်ထမ်းများ တက်ကြွစွာ ပါဝင်လုပ်အားပေးခဲ့ကြသည်။ နံနက် ၇နာရီမှစတင်၍ ရုံးချုပ်ပရဝဏ်အတွင်း ထမနဲထိုးပွဲကို စတင်ခဲ့ပြီး နှမ်းနက်နှင့် နှမ်းဖြူထမနဲ စုစုပေါင်း(၂၅)ဒယ် ထိုးကာ ပထမဆုံးအိုးမှရရှိခဲ့သည့် ဦးဦးဖျားဖျား ထမနဲကို မြတ်စွာဘုရားထံ ရည်မှန်း၍ ဆွမ်းတော်ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။ တပို့တွဲလတွင် လယ်ယာများ ရိတ်သိမ်းပြီးစအချိန်ဖြစ်၍ မိမိတို့လယ်မှထွက်ရှိသည့် ကောက်ညှင်းဖြင့် မြတ်စွာဘုရားနှင့် သံဃာတော်များကို ကောက်ဦးအလှူဒါနကုသိုလ်ပြုလုပ်ခြင်းနှင့် လူအများညီညွတ်မှုဖြင့် စုပေါင်းလုပ်ဆောင်မှ ပြီးမြောက်အောင်မြင်သည့်အမိပ္ပါယ်ဖြင့် ထမနဲထိုးကြခြင်းဖြစ်သည်။














# ကိုရီးယားနိုင်ငံတွင်ဖြစ်ပွားနှုန်းမြင့်မားနေသည့် COVID-19ရောဂါကြောင့် ကိုရီးယား–မြန်မာ လေကြောင်းခရီးစဉ်အား ရပ်ဆိုင်းထား

ကိုရီးယားနိုင်ငံတွင် ဖြစ်ပွားမှုနှုန်း မြင့်မားနေသည့် COVID-19 ရောဂါကြောင့် ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ တိုက်ရိုက် ပျံသန်းနေသည့် ကိုရီးယားလေကြောင်းလိုင်း ခရီးစဉ်ဖြစ်သည့် အင်ချွန်း–ရန်ကုန်– အင်ချွန်း ခရီးစဉ်ပျံသန်းမှုအား ရပ်ဆိုင်းခဲ့ကြောင်း မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိပါသည်။ ယင်းအပြင် ဟောင်ကောင်နှင့်ထိုင်ဝမ်လေကြောင်းလိုင်းများမှ အပ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တရုတ်နိုင်ငံရှိ မြို့များသို့ချိတ်ဆက်ပျံသန်းနေသည့် လေကြောင်းခရီးစဉ်အများစုကို ရပ်ဆိုင်းထား ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ သတင်းရရှိပါသည်။ Ref: Daily ELEVEN

## ယခုနှစ်လယ်မှစ၍ ပိုမိုကောင်းမွန်သည့် လျှပ်စစ်ဝန်ဆောင်မှုရရှိမည်

၂၀၂၀နှစ်လယ်တွင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀၀ကျော်တိုးမြှင့်ထုတ်လုပ်သွားရန် ဆောင်ရွက် နေခြင်းကြောင့် ဓာတ်အားသုံးစွဲသူများ ပိုမို ကောင်းမွန်သောဝန်ဆောင်မှုရရှိမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဒု–ဝန်ကြီးဦးခင်မောင်ဝင်း –က ပြောကြားသည်။ လျှပ်စစ်ကဏ္ဍတိုးမြှင့်ဆောင်ရွက်မှု ကြောင့် လက်ရှိတွင် မြို့ပေါင်း ၃၆၈၊ ကျေးရွာ ၁၆၀၀၀ကျော်လျှပ်စစ်မီးရနေသည်။ Ref: 7DAY NEWS

## News In Brief

- ကိုရိုနာဗိုင်းရပ်စ်သည် ဒေသအဆင့်မှ ကမ္ဘာ့ အဆင့်ကပ်ဘေးအသွင်ရောက်လာပါက တန်ပြန်နိုင်ရန်အတွက် ကမ္ဘာ့အသိုင်းအဝိုင်း က ယခုကတည်းကကြိုတင်ပြင်ဆင်ထားရန် လိုသည်ဟု WHOက နှိုးဆော်ခဲ့သည်။
- ယခုလ ၈ရက်မှ၁၄ရက်အထိ ပြည်ပသို့ မြန်မာမှဆန်နှင့်ဆန်ကွဲစုစုပေါင်း တန်ချိန် ၄၅,၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ် ထက် တန်ချိန်၃,၀၀၀ခန့်လျော့နည်းခဲ့သည်။




# ဆယ်စုနှစ်ကာလ အလွန်မှသည်

သံမျှင်ဦး

၂၀၁၀ ခုနှစ်ကစ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလဖြတ်သန်းလာခဲ့ရတဲ့ အမှတ်တရရက်စွဲတွေကို သတိတရမှတ်တမ်းတင်ဖို့အချိန်ဟာ အခုလက်ရှိ ၂၀၂၀ အချိန်ကာလပဲဖြစ်ပါတယ်။ ၂၀၁၀ ရဲ့မအေးတဲ့ဆောင်းရာသီ နေ့တစ်နေ့မှာ Max Myanmar Construction ကုမ္ပဏီနဲ့ စတင်ထိတွေ့ခွင့် ရခဲ့ပါတယ်။ Max Myanmar ကုမ္ပဏီအုပ်စုရဲ့ ကုမ္ပဏီခွဲတစ်ခုဖြစ်တဲ့ Max Myanmar Construction ကို ရောက်ရှိချိန်မှာ (၁၄)ထပ်၊ (၁၆)ထပ် အမြင့်ပါတဲ့ ပြည်တာဝါ စီမံကိန်းမှာ စတင်တာဝန်ကျခဲ့ပါတယ်။ ကျွန်တော်ရောက်ပြီး သိပ်မကြာမီမှာပဲ စီမံကိန်းအသစ်တွေဖြစ်တဲ့ ဘဏ်တည်ဆောက်ရေး၊ ဆီဆိုင်တည်ဆောက်ရေး၊ ရန်ကင်းကလေးဆေးရုံကြီး ပြုပြင်မွမ်းမံ တည်ဆောက်ရေး၊ မက်စ်ရုံးချုပ်တည်ဆောက်ရေးတွေ အပြိုင်ပေါ်ပေါက်လာချိန်မှာ စီမံကိန်းအားလုံးရဲ့ စီမံကိန်းမန်နေဂျာအဖြစ်တာဝန်တွေ ကျွန်တော့်ဆီရောက်ရှိလာပါတော့တယ်။ ဘဏ်တည်ဆောက်ရေးအတွက် မြန်မာတစ်နိုင်ငံလုံး လှည့်လည်သွားလာခွင့် ရှိခဲ့ပါတယ်။

ရန်ကုန်မှာသာ အများဆုံး စီမံခန့်ခွဲ တည်ဆောက်ခဲ့ဖူးတဲ့ ကျွန်တော့်အဖို့ တစ်နိုင်ငံလုံးမှာရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရမယ့်အချိန်မှာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နယ်ကို အင်/ယာပို့ဖို့၊ လိုအပ်တဲ့ ကန်ထရိုက် အချိန်မီထည့်ဖို့၊ ပစ္စည်းတွေအချိန်မီရောက်ဖို့၊ အလွန်ကျပ်တဲ့ Target ကြားမှာ ဖွင့်ပွဲအမီ အပြီးအပ်ရတာ၊ အလုပ်သမား စီစဉ်ရှာဖွေရတာ

အစပိုင်းမှာ နေ့ညမအား အတော်ကြိုးစားခဲ့ရပါတယ်။ ပထမဆုံးစဖွင့်မယ့် နေပြည်တော်ဘဏ်အတွက် ရန်ကုန်က ရုံးအဖွဲ့သားတွေအကုန် နေပြည်တော်မှာ တစ်လနီးပါးသွားနေပြီး အစစအရာရာ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်နိုင်ပြီး (၃)လ အတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဘဏ်တွေ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဘဏ် (၂၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်သောကာလများမှာ Yangon Region၊ Nay Pyi Taw Region၊ Mandalay Region ဆိုပြီး (၃)စုခွဲကာ တည်ဆောက်ရေး ရုံးခွဲများထားရှိပြီး တစ်နိုင်ငံလုံးက စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရပါတယ်။ နှစ်တိုအတွင်းဘဏ်ခွဲ (၂၀၀)အထိ တိုးမြှင့်နိုင်အောင်ယုံကြည်မှုပေးပြီး ရုံးချုပ်က Supporting ထောက်ပံ့ကူညီလုပ်ဆောင်ပေးမှု၊ အဖွဲ့အစည်း



ဌာနအလိုက် တာဝန်ယူပေးမှု၊ တာဝန်ခံပေးမှုတွေကြောင့် စီမံကိန်းတွေ အောင်မြင်ခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ရန်ကင်းကလေးဆေးရုံ (ကုတင် ၅၅၀ဆံ့)ကိုလည်း တစ်နှစ်အတွင်းမှာဖွင့်လှစ်နိုင်ခဲ့ပြီး အခုဆိုရင် ပြည်သူက အားကိုးအားထားပြုနေတဲ့ ကလေးဆေးရုံကြီးတစ်ခုအဖြစ် ရပ်တည်လို့နေပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် Admin/HR နဲ့ပူးပေါင်းကာ အင်ဂျင်နီယာဝန်ထမ်းအသစ်တွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာဖန်တီးပေးနိုင်ခဲ့ပါတယ်။ Novotel Hotel စီမံကိန်းလုပ်ဆောင်ချိန်မှာ ဥက္ကဋ္ဌလမ်းညွှန်ချက်အရ အင်ဂျင်နီယာနည်းပညာတက္ကသိုလ် ကျောင်းဆင်းတွေကို အခွင့်အရေးပေးတဲ့အနေနဲ့ Supervisor Engineer/ Training Engineer (၂၇)ဦးကို ခန့်အပ်ခဲ့ပါတယ်။ T.E ဘဝကနေ J.E အဆင့်ကို တိုးမြှင့်ခန့်အပ်ထားပေးခဲ့ပြီး ယခုအချိန်မှာ ကုမ္ပဏီက အားထားရတဲ့ ဝန်ထမ်းတွေဖြစ်လို့နေပါတယ်။ (အခြားကိုပြောင်းသွားတဲ့ဝန်ထမ်းတွေလည်း သူ့နေရာနဲ့သူ အောင်မြင်မှုရရှိနေကြတာကို တွေ့ရပါတယ်)

၂၀၁၀-၂၀၁၁-၂၀၁၂-၂၀၁၃ နှစ်တွေဟာ စိန်ခေါ်မှုများစွာနဲ့ တွေ့ဆုံခဲ့ရတဲ့နှစ်တွေလည်း ဖြစ်ပါတယ်။ ဘဏ်ခွဲပေါင်းများစွာ၊ ဆီဆိုင်ပေါင်းများစွာ၊ ဟိုတယ်စီမံကိန်းတွေအပြင် နေပြည်တော် SEA Games အတွက် Football Stadium (၂)ကွင်းနဲ့ Indoorကွင်းတွေ၊ နေပြည်တော်၊ မန္တလေးမြို့မှာ ဝန်ထမ်းအင်အားများစွာ၊ အလုပ်သမားအင်အားများစွာနဲ့ 2013 SEA Games အမီ စံချိန်မီ တည်ဆောက်ပေးခဲ့ရသလို တန် (၅၀၀)ကျ Max Cement စက်ရုံကနေ

တန် (၂၁၀၀)ကျ စက်ရုံအဖြစ် Upgrading စီမံကိန်းကိုလည်း Max Myanmar Construction ကပဲ တည်ဆောက်ခွင့်ရခဲ့ပါတယ်။ ရှေးဟောင်း အဆောက်အဆုံအဖြစ်တဲ့ Rowe ကုန်တိုက်ကိုလည်း ခွင့်ပြုချက်နဲ့အညီ ရှေးဟောင်းအဆောက်အဦ ပုံစံမပျက်စေဘဲ ကြံ့ခိုင်ရေးအတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်တွေနဲ့ ဆွေးနွေးပြုပြင်ပြီး ဧရာဝတီဘဏ်ရုံးချုပ်အဖြစ် တည်ဆောက်ခွင့်ကိုလည်း ရရှိခဲ့ပါတယ်။

လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတာနဲ့အမျှ များပြားလွန်းတဲ့ Infrastucture လုပ်ငန်းတွေကို ODA Loan၊ JICA Project တွေ လုပ်ဆောင်လာချိန်မှာ Max Construction အနေနဲ့ JICA Project တွေ လုပ်ဆောင်ခွင့်ရရှိခဲ့ပါတယ်။ မကြာမီက ဖွင့်လှစ်ခဲ့တဲ့ သန်လျင်-သီလဝါလမ်းမကြီးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဂုဏ်ယူဖွယ်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာနည်းပညာနဲ့ စီမံခန့်ခွဲမှုတွေ၊ အတတ်ပညာတွေကို လေ့လာသင်ယူခွင့် ရရှိခဲ့ရပါတယ်။

ဆယ်စုနှစ်ကာလအတွင်း တည်ဆောက်ပြုပြင်ပေးခဲ့ရတဲ့ လုပ်ငန်းတွေရဲ့အားသာချက်၊ အားနည်းချက်တွေကို တွေ့ရှိသိမြင်ခဲ့ရပြီး နောက်မျိုးဆက်သစ်အင်ဂျင်နီယာတွေ၊ အတတ်ပညာရှင်တွေကို မွေးထုတ်ပေးနိုင်ခဲ့သလို လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးစီမံချက်တွေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ကျန်းမာရေး အသိပညာရပ်တွေအားလုံး အတူလိုက်နာကျင့်သုံးဆောင်ရွက်ခဲ့ကြရပါတယ်။ နိုင်ငံအတွက် အားထားရတဲ့ ပညာရှင်တွေ မွေးထုတ်ပေးရာ



နေရာတစ်ခုဖြစ်သလို လူမှုရေးလုပ်ငန်းနယ်ပယ်များမှာလည်း ဧရာဝတီဖောင်ဒေးရှင်းနဲ့ ပူးပေါင်းကာ စုပေါင်းလုပ်ဆောင်ခဲ့ကာ ဆက်လက်ပြီး အမြဲလုပ်ဆောင်နေမယ့်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ Vision၊ Mission၊ Valueတွေကို ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ရင်း Customer တွေအတွက် လိုအပ်ချက်ဖြစ်တဲ့၊ ကျေနပ်မှုဖြစ်စေတဲ့ အရည်အသွေး၊ ကုန်ကျစရိတ်နဲ့ အချိန်တို့ကို အထူးဦးစားပေးဆောင်ပေးဖို့အတွက် အဆင်သင့်ဖြစ်အောင် ကျွန်တော်တို့ မက်စ်မြန်မာဆောက်လုပ်ရေးအဖွဲ့က ဆက်လက် ကြိုးစားသွားပါမယ်။

**သံမျှင်ဦး**




# ရောဝတီတိုင်း ဒေသကြီးအတွင်း ၇ဆိုင်မြောက်ဆိုင်ခွဲအဖြစ် ညောင်တုန်းစက်သုံးဆီအရောင်းဆိုင်သစ်ကို Max Energy ဖွင့်လှစ်

Max Energy ကို အစဉ်အမြဲဝယ်ယူနေသည့် Customer များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ စက်သုံးဆီများဖြည့်တင်းနိုင်ရေးအတွက် ဆိုင်သစ်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် Max Energy၏ ညောင်တုန်းစက်သုံးဆီအရောင်းဆိုင်သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆိုင်သစ်ကို ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာအုပ်စုမိုင်တိုင်အမှတ် (၂၆/၂) ရန်ကုန်ပုသိမ် ကား လမ်းမကြီးဘေးတွင် ဖွင့်လှစ်ခဲ့ရာ ယခုဆိုင်ခွဲမှာ ဧရာဝတီတိုင်းအတွင်း ၇ဆိုင်မြောက် ဆိုင်ခွဲဖြစ်ပါသည်။

## OSH MANAGEMENT SYSTEM ခေါင်းစဉ်ဖြင့် သင်တန်းပို့ချ

Max Myanmar Construction မှ ဝန်ထမ်းများအား“OSH MANAGEMENT SYSTEM” ခေါင်းစဉ်ဖြင့်(၉.၂.၂၀)ရက်နေ့တွင် ကုမ္ပဏီသင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသား(၁၄)ဦး တက်ရောက်ခဲ့ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် အကောင်အထည် ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများသိရှိရန် ရည်ရွယ်ပါသည်။

## တ/ဉက္ကလာခန်းမ၌ ဝန်ထမ်းသစ် ၃၀ဦးကို Max Energyသင်တန်းပေးခဲ့

Max Energy ၏ ရုံးချုပ်နှင့်စက်သုံးဆီအရောင်းဆိုင်များရှိ ဝန်ထမ်းသစ်(၃၀)ဦးအားလုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် Customer Service ပိုမိုကောင်းမွန်စွာဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ Orientation Training Batch-26 အား (၂၇-၁-၂၀) ရက်နေ့မှ(၃၁-၁-၂၀) နံနက်(၉:၀၀) မှ ညနေ(၅:၀၀)ထိ Max Energy တ/ဉက္ကလာပ သင်တန်းခန်းမတွင် သင်ကြားပေးခဲ့ပါသည်။




# တောင်ဖီလာ မက်စ်ဘိလပ်မြေစက်ရုံမှ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ (၃)လဆက်တိုက် စံချိန်တင်ထုတ်လုပ်ပြီး စံချိန်ကောင်းထိန်းသိမ်းထား

နေပြည်တော်၊ တောင်ဖီလာရှိ မက်စ်ဘိလပ်မြေစက်ရုံမှ ပြီးခဲ့သည့် ၂၀၁၉ ဒီဇင်ဘာလနှင့် ၂၀၂၀ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် (၃)လ ဆက်တိုက် စံချိန်တင်ကာ ထုတ်လုပ်နိုင်ခဲ့သည်။ မက်စ် ဘိလပ်မြေအနေဖြင့် ဂျပန်နိုင်ငံမှ ဘိလပ်မြေ ထုတ်လုပ်မှုဆိုင်ရာပညာရှင်များနှင့်ပူးပေါင်း၍ နည်းပညာအကူအညီများကိုရယူလျက် အရည်အသွေးနှင့် နိုင်ငံတကာ စံချိန်စံညွှန်းပြည့်ဝသော ဘိလပ်မြေများ ထုတ်လုပ်နိုင်ရန်အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး စံချိန်ကောင်းများကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။



# မတ်လ ၁၉ရက်နေ့တွင် MAX CEMENT FACTORY (၁၀)နှစ်ပြည့်မြောက်မည်

နေပြည်တော်၊ တောင်ဖီလာတွင် တည်ရှိသည့် မက်စ်ဘိလပ်မြေ (Max Cement) ကုန်ထုတ်လုပ်မှုစက်ရုံသည် လာမည့် ၂၀၂၀ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် (၁၀)နှစ်ပြည့်မြောက်မည် ဖြစ်သည်။ တောင်ဖီလာဘိလပ်မြေစက်ရုံအနေဖြင့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍအတွက် အရေးပါသောအရည်အသွေးနှင့် နိုင်ငံတကာ စံချိန်စံညွှန်းပြည့်ဝသောဘိလပ်မြေများကို ပြည်ပမှ ပညာရှင်များ၏ ဦးစီးကြီးကြပ်မှုဖြင့် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့်စက်ရုံလည်းဖြစ်သည်။



# ကမ္ဘာ့အိုလံပစ်ကြေးတံဆိပ်ဆုရ စားဖိုမှူးများနှင့်တွေ့ဆုံခြင်း

● ဘုန်းနေသွေး

*၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့မှ ၁၉ ရက်နေ့အထိ ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက်ကမ္ဘာ့အိုလံပစ်စားဖိုမှူးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့်ပါဝင်ယှဉ်ပြိုင်ပြီး ကြေးတံဆိပ်ရရှိခဲ့သည့် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်မှစားဖိုမှူး ကိုဇင်မော်ဝင်းနှင့် အကူစားဖိုမှူးကိုချစ်မင်းသူတို့အားတွေ့ဆုံမေးမြန်းခန်းကို စာဖတ်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။*

**မေး – ပထမဆုံးအနေနဲ့ ဒီနိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်မှာ အစ်ကိုတာဝန်ယူပြီးတော့ လုပ်ကိုင်နေတဲ့ အပိုင်းလေးကို အရင်ပြောပြပေးပါလား။**

ကိုဇင်မော်ဝင်း – နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်ကို ၂၀၁၈၊ မေ၈ရက်နေ့က Chef de cuisine အနေနဲ့ စတင်ဝင်ရောက်ခဲ့ပြီး လက်ရှိ Executive Sous Chefရာထူးနဲ့ လုပ်ကိုင်နေပါတယ်ခင်ဗျာ။

**မေး – ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံလေးကို သိပါရစေ။**

ဇင် – ၂၀၁၆တုန်းက Regional Teamအနေနဲ့ သွားရောက်ယှဉ်ပြိုင်ဖူးတာကြောင့် သူတို့က လှမ်းဆက်သွယ်တာပါ။ အသင်းလိုက်ပြိုင်ပွဲက အချိန်ယူပြင်ဆင်ရတာမို့ လုပ်ကြည့်တဲ့အချိန်မှာ အဆင်မပြေလည်းမပြေရော အသင်းမလုပ်ဖြစ်လိုက်တော့ဘူး။ ၂၀၂၀နီးလာတဲ့အချိန်မှာ ဟိုက လှမ်းမေးတယ်၊ မြန်မာနိုင်ငံကနေ မင်းတို့ Regional Teamအနေနဲ့မလာဘူးလားတဲ့။ ကျွန် တော်တို့က ဒီဘက်မှာ အခက်အခဲရှိတာလေးတွေ ပြောပြတယ်။ အဲ့ဒီအချိန်မှာ Myanmar Chef Association ရဲ့ President ဖြစ်တဲ့ Chef Oliverက ကျွန်တော့်ကို “Individualအနေနဲ့မင်းသွားနိုင်မလား၊ တစ်ယောက်တည်းပဲ Soloသွားရမယ်” ဆိုတော့ ကျွန်တော်က “သွားမယ်၊ ဒါပေမဲ့Assistantတစ်ယောက်တော့လိုတယ်” ပြောတော့ “မင်းရှာလေ၊ ဘယ်သူကိုခေါ်သွားချင်လဲ”ဆိုတော့ ကျွန်တော့် Assistantဖြစ်တဲ့Senior Sous Chef ချစ်မင်းသူကိုProposeလုပ်တယ်။ သူတို့ကအတည်ပြုတာနဲ့ နှစ်ယောက်အတူတူယှဉ်ပြိုင်ဖြစ်တာပါ။

**မေး – ကိုချစ်မင်းသူနဲ့ လေ့ကျင့်ပြင်ဆင်ခဲ့ပုံလေးတွေကို ပြောပြပေးပါဦး။**

ဇင် – တခြားသူတွေကို ရွေးမယ်ဆိုရင် အချိန်ညှိနှိုင်းဖို့ခက်ပါတယ်။ ချစ်မင်းသူနဲ့ကျတော့ အတူတူအလုပ်လုပ်နေတာကြောင့် တစ်ယောက်အကြောင်းတစ်ယောက်ပိုသိသလို လေ့ကျင့်ဖို့အချိန်လည်း ပိုရတယ်။ Planဆွဲလို့လည်းရတယ်။ ၁နှစ်ကျော်ကျော် အပတ်တိုင်း Trainingလုပ်တယ်၊ Menu ပြန်ကြည့်တယ်၊ Menuအဆင်ပြေပြီဆိုမှ Food ကို Preparationလုပ်တယ်။ Rules & Regulationsတွေအတိုင်း ပြင်ဆင်ပြီးမှ သွားရောက်ယှဉ်ပြိုင်ကြတာပါ။

**မေး – ပြိုင်ပွဲပုံစံနဲ့ အမှတ်ပေးစည်းမျဉ်းလေးကိုလည်း ပြောပြပေးပါဦး။**

ဇင် – ပါဝင်ယှဉ်ပြိုင်တဲ့နိုင်ငံအသီးသီးက Register လုပ်ထားတဲ့ Chefတွေက သူတို့ပေးထားတဲ့ Menuအတိုင်း ပါဝင်ယှဉ်ပြိုင်ရတယ်။ Menu တွေကြည့်ပြီး စည်းမျဉ်းအတိုင်း Bronze၊ Silver၊ Goldဆိုပြီးသတ်မှတ်ပေးတယ်။ ၁၀၀ရာခိုင်နှုန်းအမှတ်လျှော့လို့မရတဲ့သူတွေကို Goldထက်မြင့်တဲ့ Special Awardပေးသလို Brownထက် အမှတ်လျော့တဲ့သူတွေကိုတော့ Appreciate လုပ်တဲ့ပုံစံ



> Myanmar Chef Association ရဲ့ Presidentဖြစ်တဲ့ Chef Oliverက ကျွန်တော့်ကို "Individualအနေနဲ့ မင်းသွားနိုင်မလား၊ တစ်ယောက်တည်းပဲ Solo သွားရမယ်" ဆိုတော့ .....



မျိုးနဲ့ Diplomaပေးပါတယ်။

**မေး – ပြိုင်ပွဲအတွင်း ထူးခြားတဲ့ အမှတ်ရစရာလေးတွေရှိပါသလား။**

ဇင် – ပြိုင်ပွဲအတွက် ၁နှစ်လောက်အချိန်ယူပြီး Foodတွေတင်ဖို့ Additivation စဉ်းစားတယ်၊ ပြီးတော့ ကြိတ်သား၊ Acrylic နဲ့ အမျိုးမျိုးစမ်းတယ်။ နောက်ဆုံးအဆင်ပြေမယ့်ဟာလေးကို ကိုယ်တိုင်လုပ်ပြီး သေတ္တာထဲသေသေချာချာထည့်သွားတယ်။ ဟိုဘက်လေဆိပ်ကိုရောက်တော့အထဲက ဂလောက်ဂလောက်နဲ့အသံတွေကြားနေရတယ်။ ဖွင့်ကြည့်တော့ ထက်ပိုင်းကျိုးနေတာတွေတွေ့တယ်။ နှစ်ယောက်သားညတွင်းချင်းကော်ဘူးတွေဝယ်၊ ကော်တွေကပ်၊ ဆေးတွေမှုတ်နဲ့ တစ်ညလုံးထိုင်ကြည့်ပြီး အဆင်ပြေမှ သက်ပြင်းချနိုင်ခဲ့တာကတော့ တကယ့်အမှတ်တရပါ။

**မေး – ပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ခံစားချက်လေးကို ပြောပြပေးပါဦး။**

ဇင် – မြန်မာနိုင်ငံက ကိုယ်တစ်ယောက်တည်းရှိပေမယ့် လာပြိုင်တဲ့နိုင်ငံပေါင်း(၇၂)နိုင်ငံမှာ ကိုယ့်နိုင်ငံသားပါတဲ့အတွက် ပျော်ရွှင်ရပါတယ်။ ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့ရပြီး ဆုတံဆိပ်ရှိခဲ့တဲ့အတွက် လုပ်တယ်၊ Trainingအတွက်လိုအပ်တာတွေ သုံး




ဂုဏ်လည်းဂုဏ်ယူမိပါတယ်။ ၂၀၂၄ခုနှစ်ကျရင် National Teamအနေနဲ့ သွားရောက်ယှဉ်ပြိုင်ဖို့ စဉ်းစားထားပါတယ်။

**မေး – ဒီပြိုင်ပွဲအတွင်း နိုမိုတယ်ဘက်က ဘယ်လိုပံ့ပိုးမှုတွေ ပြုလုပ်ပေးခဲ့ပါသလဲ။**

ဇင် – ဒီပြိုင်ပွဲအတွက် နိုင်ငံတကာက မိတ်ဆွေ Chefတွေက လိုအပ်တာတွေ ပံ့ပိုးပေးခဲ့သလို နိုမိုတယ်ကလည်း ကြိုတင်ပြင်ဆင်မှုတွေအတွက် အများကြီးပံ့ပိုးပေးခဲ့တာပါ။ အပတ်တိုင်းလေ့ကျင့်ပြင်ဆင်ရာမှာ လိုအပ်တာတွေအားလုံးအသုံးပြုခွင့်ပေးသလို ပြိုင်ပွဲကိုသွားရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ခွင့်ကိစ္စတွေမှာလည်း အားလုံး အဆင်ပြေအောင်စီမံပေးခဲ့တာပါ။ ပြိုင်ပွဲအတွက်လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း လိုလေသေးမရှိအောင် ပံ့ပိုးကူညီပေးခဲ့တာတွေအတွက် အများကြီးကျေးဇူးတင်ပါတယ်။



မေး - အစ်ကို့ရဲ့နာမည်နဲ့ တာဝန်ယူတဲ့အပိုင်းလေးကို မိတ်ဆက်ပေးပါဦး။

ကိုချစ်မင်းသူ - ကျွန်တော့်နာမည်ကတော့ ချစ်မင်းသူပါ။ နိုဗိုတယ်မှာ Pre-Openningကနေ အခုချိန်အထိ တာဝန်ထမ်းဆောင်နေတဲ့ Senior Sous Chefပါ။

မေး - ပြိုင်ပွဲမှာပါဝင်ခဲ့ရတဲ့ ခံစားချက်လေးကို ပြောပြပေးပါဦး။

ချစ် - အရမ်းပျော်ပါတယ်။ မမြင်ဖူးတာတွေမြင်ခဲ့ရတယ်။ မတွေ့ဖူးတာတွေ တွေ့ခဲ့ရတယ်။ အိုလံပစ်လိုပွဲကြီးထဲမှာ နိုင်ငံတကာနဲ့ရင်ဘောင်တန်းယှဉ်ပြိုင်ရလို့ ရင်ခုန်စိတ်လှုပ်ရှားရပါတယ်။

မေး - ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ခဲ့တဲ့ အပိုင်းလေးတွေကိုလည်း သိပါရစေ။

ချစ် - ကျွန်တော်တို့အလုပ်ပြီးတိုင်း လေ့ကျင့်တယ်၊ ၁နှစ်လုံးလုံး မိသားစုတွက် အချိန်မပေးဘဲ အားတဲ့အချိန်တိုင်းမှာ တိုင်ပင်တယ်၊ လေ့ကျင့်မှုတွေ လုပ်ခဲ့တာပါ။

မေး - ဘဝတူChefညီအစ်ကိုမောင်နှမတွေကို ဘယ်လိုစကားလက်ဆောင်ပါးချင်သလဲ။

ချစ် - နိုဗိုတယ်က လူတွေအားလုံးကတော့ Active ဖြစ်တယ်။ လေ့လာသင်ယူချင်စိတ်များတယ်။ Chefတွေကို ခြုံငုံပြောရမယ်ဆိုရင်တော့ Chefယူနီဖောင်းဝတ်ထားရင် အားလုံးက ညီအစ်ကိုမောင်နှမတွေပါ။ Unityဖြစ်ဖို့လိုတယ်။ ကိုယ်ဘယ်လောက်သိသိ၊ တတ်တတ် Leadလုပ်သူနောက်ကို လိုက်ဖို့လိုတယ်။ အချင်းချင်း Respect ရှိဖို့လိုတယ်။ Leaderရဲ့ Targetကိုရောက်အောင်သွားနိုင်မှ ကျွန်တော်တို့ပန်းတိုင်ကိုရောက်မှာပါ" လို့ မက်ဆေ့ချ်ပေးချင်ပါတယ်။

မေး - နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောချင်တာတွေရှိရင်လည်း သိပါရစေ။




> နိုဗိုတယ်ရဲ့ DNA ထဲမှာ No ဆိုတာ မရှိပါဘူး။ နိုဗိုတယ်ကို လာကြည့်ပါ၊ Customerကို အရမ်း ဂရုစိုက်ပြီး အကောင်းဆုံး ပေးဆပ်မှုတွေကို ရရှိမှာပါလို့ အာမခံနိုင်ပါတယ် .....

ချစ် - နိုဗိုတယ်ရဲ့ First Priority က ဧည့်သည်ကို ဦးစားပေးတာပါ။ နိုဗိုတယ်ရဲ့ DNAထဲမှာ Noဆိုတာမရှိပါဘူး။ နိုဗိုတယ်ကိုလာကြည့်ပါ၊ Customer ကို အရမ်းဂရုစိုက်ပြီး အကောင်းဆုံးပေးဆပ်မှုတွေကို ရရှိမှာပါလို့အာမခံနိုင်ပါတယ်။ ဒါကြောင့် Custmoerတွေအနေနဲ့ နိုဗိုတယ်ကိုလာခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ။







ဧရာဝတီဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ ဝန်ထမ်းများသည် ရန်ကင်းကလေးဆေးရုံကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း သန့်ရှင်းရေးကို အလှည့်ကျဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြီးခဲ့သည့် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ (၁၆)ရက်နေ့ နံနက်ပိုင်းတွင် မက်စ်မြန်မာဟိုးဒင်းနှင့် မက်စ်ဟိုင်းဝေးမှ ဝန်ထမ်းများစုပေါင်းပါဝင်ကာ လုပ်အားပေးခဲ့ကြသည်။








Max Energy ကုမ္ပဏီလီမိတက်သည် ညောင်တုန်းစက်သုံးဆီအရောင်းဆိုင်သစ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အထိမ်းအမှတ်အနေဖြင့် ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့သွားရောက်၍ ကျောင်းလိုအပ်ချက်များတွင် အသုံးပြုနိုင်ရန် အလှူငွေကျပ် (၅၀၀,၀၀၀) အား လှူဒါန်းခဲ့ကြပါသည်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုရိုနာဗိုင်းရပ်စ်အကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask)ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ်မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

- Surgical Maskကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့်မျက်နှာပြင်ကို အပြင်ဘက်တွင်ထားရှိပါ။
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင်ဖုံးအုပ်ပါ။
- Mask၏ဘေးအနားစွန်းများနှင့် မိမိ၏မျက်နှာကြားတွင် လစ်ဟာမှု (Gap)မရှိစေရပါ။
- Maskအသုံးပြုနေစဉ် Maskကို လက်ဖြင့်ထိတွေ့ကိုင်တွယ်ခြင်းမပြုရပါ။
- Maskကိုဖယ်ရှားမည်ဆိုပါက Maskအနောက်ဘက်ရှိကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ။
- Maskကိုဖယ်ရှားပြီးပါက မိမိ၏လက်ကို စနစ်တကျပြန်လည်ဆေးကြောပါ။
- မိမိအသုံးပြုနေသော Maskသည် စိုစွတ်လာပါက Maskအသစ်တစ်ခုနှင့် လဲလှယ်အသုံးပြုပါ။
- အသုံးပြုပြီးသား Maskများကို ပြန်လည်၍အသုံးမပြုရပါ။
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့်ပြုလုပ်ထားသည့် Maskများကို အသုံးမပြုရပါ။






ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန